# မြန်မာလွှတ်တော် မဟာဗျူဟာစီမံကိန်း

# (၂၀၁၉-၂၀၂၂)

# Myanmar Hluttaw Strategic Plan

# (2019-2022)



# မြန်မာလွှတ်တော် မဟာဗျူဟာစီမံကိန်း

# (၂၀၁၉-၂၀၂၂)

# Myanmar Hluttaw Strategic Plan

# (2019-2022)



ဦးတီခွန်မြတ်

နာယက ပြည်ထောင်စုလွှတ်တော်၊

ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်

H.E. U T. Khun Myatt

Speaker of Pyidaungsu and

Pyithu Hluttaws



မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်

H.E. Mahn Winn Khaing Thann

Speaker of Amyotha

Hluttaw



ဦးထွန်းထွန်းဟိန်

ဒုတိယနာယက ပြည်ထောင်စုလွှတ်တော်၊

ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်

H.E. U Tun Tun Hein

Deputy Speaker of Pyidaungsu and

Pyithu Hluttaws



ဦးအေးသာအောင်

ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်

H.E. U Aye Thar Aung

Deputy Speaker of Amyotha

Hluttaw

# CONTENTS


| No. | Chapter | | Page |
|---|---|---|---|
| 1. | Forewords | | a - c |
| 2. | Chapter(1) | Vision, Mission and Fundamental Standards | 1 |
| 3. | Chapter(2) | Strategic Objectives | 2-7 |
| 4. | Chapter(3) | Hluttaw Sub-Strategy on Human Resources Development | 8 |
| 5. | Chapter(4) | Hluttaw Sub-Strategy on Communications | 9-11 |
| 6. | Chapter(5) | Hluttaw Sub-Strategy on Information and Communications Technology | 12-13 |
| 7. | Chapter(6) | Hluttaw Sub-Strategy on Development of the Hluttaw Learning Centre | 14-16 |
| 8. | Chapter(7) | Collecting Resources | 17 |
| 9. | Chapter(8) | Implementation, Monitoring and Reporting | 18 |

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | အမှာစကားများ | | က - ဂ |
| ၂။ | အခန်း(၁) | မျှော်မှန်းချက်၊ ဦးတည်ချက်နှင့် အဓိကစံနှုန်းများ | ၁ |
| ၃။ | အခန်း(၂) | မဟာဗျူဟာရည်မှန်းချက်များ | ၂-၇ |
| ၄။ | အခန်း(၃) | လွှတ်တော်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး နည်းဗျူဟာ | ၈ |
| ၅။ | အခန်း(၄) | လွှတ်တော်ဆက်သွယ်ရေးဆိုင်ရာနည်းဗျူဟာ | ၉-၁၁ |
| ၆။ | အခန်း(၅) | လွှတ်တော်သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာနည်းဗျူဟာ | ၁၂-၁၃ |
| ၇။ | အခန်း(၆) | လွှတ်တော်သင်ကြားရေးဗဟိုဌာန ဖွံ့ဖြိုးရေးနည်းဗျူဟာ | ၁၄-၁၆ |
| ၈။ | အခန်း(၇) | အရင်းအမြစ်များစုဆောင်းခြင်း | ၁၇ |
| ၉။ | အခန်း(၈) | အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အစီရင်ခံစာတင်ခြင်း | ၁၈ |

## Foreword by Chairman of the Joint Coordinating Committee on Hluttaw Development (JCC)

It gives me great honour and pleasure for the Myanmar Hluttaw Strategic Plan (2019-2022), the second Strategic Plan, which has been articulated by the Hluttaw itself, based on the experiences of the first Strategic Plan.

The Joint Coordinating Committee on Hluttaw Development (JCC) has to honour the Development Partners for their cooperation for the successful outcomes of the first Strategic Plan. Likewise, the endeavours of the Members of Hluttaw and the Hluttaw Staff have to be greatly honoured and recorded.

The Speakers of Hluttaw are deeply appreciated for their clear and precise policy guidelines with regard to the implementation of the Hluttaw development programmes.

It is necessary to strive with tireless efforts for the realization of future programmes in accordance with the second Strategic Plan.

As the Joint Coordinating Committee on Hluttaw Development has been established for smooth implementation of the programmes, the Committee is to coordinate the international development assistances for the best benefit of the Hluttaw.

The Hluttaw, under its guidance and directions, has determined to join hands with all the Development Partners which have the same objectives for development of Hluttaw.

## လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ အမှာစကား

ဤမြန်မာလွှတ်တော် မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) သည် လွှတ်တော်၏ ဒုတိယအကြိမ်မြောက် စီမံကိန်းဖြစ်ပြီး၊ ပထမအကြိမ်စီမံကိန်းမှ ရရှိခဲ့သည့် အတွေ့အကြုံသင်ခန်းစာများအပေါ်အခြေခံ၍ မိမိတို့ကိုယ်တိုင် စီစဉ်ကြံဆရေးဆွဲထားသော စီမံကိန်းဖြစ်သဖြင့် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ပထမအကြိမ် စီမံကိန်းမှ ရရှိလာခဲ့သည့် အောင်မြင်မှုများအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို ဂုဏ်ပြုရမည်ဖြစ်သကဲ့သို့ မိမိတို့လွှတ်တော်ဘက်မှ ကြိုးပမ်းခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများကိုလည်း အထူးဂုဏ်ပြု မှတ်တမ်းတင်ရမှာ ဖြစ်ပါသည်။

လွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် တိကျရှင်းလင်းပြတ်သားသော မူဝါဒလမ်းညွှန်မှုများချမှတ်ပေးခဲ့သော လွှတ်တော်အကြီးအမှူးများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ဒုတိယအကြိမ်စီမံကိန်းနှင့်အညီ ရှေ့တွင်ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို မလျှော့သောလုံ့လဖြင့် ဆက်လက်ကြိုးစားဆောင်ရွက်ကြရပါမည်။

ယင်းသို့ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ကို ဖွဲ့စည်းထားပြီးဖြစ်ရာ နိုင်ငံတကာမှ လက်ခံရရှိမည့် ဖွံ့ဖြိုးမှုအကူအညီများကို လွှတ်တော်အတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းလာစေရန် ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

လွှတ်တော်ဖွံ့ဖြိုးရေးအတွက် တူညီသော ရည်မှန်းချက်ရှိကြသည့် မိတ်ဖက်အဖွဲ့အစည်းများ အားလုံးနှင့် လက်တွဲသွားရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်၍ လွှတ်တော်အနေဖြင့် ဦးဆောင်မှုနှင့် လမ်းညွှန်မှုများဖြင့် ထိန်းကျောင်းပေးရမည် ဖြစ်ပါသည်။

The goodwill for continued cooperation and more effective assistance of the international development partners have been well recognized and put on record.

The Hluttaw has proudly published the Strategic Plan while warmly welcome Development Partners' assistance for its development.

**U Tun Tun Hein**

**Chairman**

**Joint Coordinating Committee on Hluttaw Development (JCC)**

လွှတ်တော်ဖွံ့ဖြိုးရေးအတွက် အဖက်ဖက်မှ ကူညီပေးလျက်ရှိသည့် နိုင်ငံတကာမှ အကူအညီပေးရေး မိတ်ဖက်အဖွဲ့အစည်းများ၏ စေတနာအပြည့်ဖြင့် လုပ်ဆောင်မှုများနှင့် ပိုမိုထိရောက် ကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့်ဆန္ဒကို အသိအမှတ်ပြု မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။

လွှတ်တော်အနေဖြင့် ဖွံ့ဖြိုးရေးကို အကူအညီပေးလိုသည့် မိတ်ဖက်အဖွဲ့အစည်းများကို လက်ကမ်းကြိုဆိုလျက် ဤမဟာဗျူဟာစီမံကိန်းကို ဂုဏ်ယူစွာဖြင့် ဖြန့်ဝေအပ်ပါသည်။



ဦးထွန်းထွန်းဟိန်

ဥက္ကဋ္ဌ

လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့

## Introduction by Directors General

The Myanmar Hluttaw Strategic Plan (2019-2022) is formulated comprehensively, under the guidance of the Speakers of Hluttaw, based on the actions taken on the previous Strategic Plan (2015-2018). With the supervision of the Joint Coordinating Committee on Hluttaw Development (JCC), it is a collective effort of the Members of Hluttaw, international partners for Hluttaw development and staff of Hluttaw offices.

In realization of the objectives of the Strategic Plan, the Hluttaw has received the assistance and cooperation of the international partners for the capacity building of Members of Hluttaw and staff. As a result, the capacity development of the Hluttaw during the second 3-year period has been seen significantly.

The Speakers of Hluttaw and members of the Joint Coordinating Committee on Hluttaw Development for their guidance, the international development partners for their assistance and the staff of Hluttaws for their support in developing the Myanmar Hluttaw Strategic Plan (2019-2022) are greatly appreciated.



U Kyaw Soe

Director General

Pyidaungsu Hluttaw



U Tin Win Aung

Director General

Pyithu Hluttaw



U Lwin Oo

Director General

Amyotha Hluttaw

## ညွှန်ကြားရေးမှူးချုပ်များ၏ အမှာစကား

မြန်မာ့လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) ကို ယခင်မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၈) ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုများအပေါ် အခြေခံ၍ ပိုမိုပြည့်စုံသော စီမံကိန်းတစ်ရပ်အဖြစ် လွှတ်တော် အကြီးအမှူးများ၏ လမ်းညွှန်ချက်များနှင့်အညီ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ **(JCC)** ၏ ကြီးကြပ်မှု၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေး အကူအညီပေးလျက်ရှိသော နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်း များနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ ပါဝင်ညှိနှိုင်း ရေးဆွဲထားပါသည်။

မဟာဗျူဟာစီမံကိန်းပါ ရည်မှန်းချက်များအလိုက် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအသီးသီးမှ ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရာတွင် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၏ ကဏ္ဍအလိုက် အကူအညီပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများက အထောက်အကူများစွာ ရရှိစေခဲ့ပါသည်။ အဆိုပါ အစီအစဉ်များ၏ အကျိုးရလဒ်အနေဖြင့် ဒုတိယအကြိမ် သက်တမ်း ၃ နှစ် ကာလ အတွင်း မြန်မာလွှတ်တော်များ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ထင်ရှားသိသာစွာ မြင်တွေ့ခံစားနေရပြီ ဖြစ်ပါသည်။

လွှတ်တော်များဖွံ့ဖြိုးရေးအတွက် မြန်မာလွှတ်တော်မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) ရေးဆွဲရေးတွင် ကြီးကြပ်လမ်းညွှန်မှုများ ပေးအပ်ခဲ့သည့် လွှတ်တော်အကြီးအမှူးများ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေး အကူအညီပေး ပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများ၊ လွှတ်တော်ရုံးအသီးသီးမှ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါသည်။

| | | |
|---|---|---|
| ဦးကျော်စိုး | ဦးတင်ဝင်းအောင် | ဦးလွင်ဦး |
| ညွှန်ကြားရေးမှူးချုပ် | ညွှန်ကြားရေးမှူးချုပ် | ညွှန်ကြားရေးမှူးချုပ် |
| ပြည်ထောင်စုလွှတ်တော်ရုံး | ပြည်သူ့လွှတ်တော်ရုံး | အမျိုးသားလွှတ်တော်ရုံး |

MYANMAR HLUTTAW STRATEGIC PLAN (2019-2022)

# Chapter (1)

## Vision, Mission and Fundamental Standards

### Vision

1. The Hluttaw (Parliament) shall strive for, and participate in, the successful creation of a democratic federal system in the Republic of the Union of Myanmar, which is the common aspiration of the people.

### Mission

2. To carry out Hluttaw's responsibilities, in line with the Constitution, for the wishes of the citizens of Myanmar, which are Peace, Prosperity, and Unity, and to this end to conduct Legislation, Oversight of Executive and Judiciary, and Representation for the interests and aspirations of the citizens.

### Fundamental Standards

3. The Fundamental Standards of the Myanmar Hluttaw are as follows:

   (a) Independence and dignity;

   (b) Respect for diversity, equality, and inclusivity of all citizens;

   (c) Accountability, transparency, integrity and responsiveness;

   (d) Impartiality and intelligence;

   (e) Effectiveness in the use of public funds.

# မြန်မာလွှတ်တော် မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂)

## အခန်း(၁)

## မျှော်မှန်းချက်၊ ဦးတည်ချက်နှင့် အဓိကစံနှုန်းများ

### မျှော်မှန်းချက်

၁။ ပြည်သူများ၏ လိုလားတောင့်တချက်ဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဒီမိုကရေစီဖက်ဒရယ်စနစ် ထွန်းကားအောင်မြင်စေရေးအတွက် လွှတ်တော်က ပါဝင်ဆောင်ရွက်မည်။

### ဦးတည်ချက်

၂။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံသားအားလုံးက လိုလားတောင့်တလျက်ရှိသော ငြိမ်းချမ်းရေး၊ စည်ပင်ဝပြောရေးနှင့် စည်းလုံးညီညွတ်ရေးတို့အတွက် ဥပဒေပြု�ခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို စောင့်ကြည့်ထိန်းညှိခြင်းနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် မျှော်မှန်းချက်များကို ကိုယ်စားပြုခြင်းတို့ကို ဆောင်ရွက်မည်။

### အဓိကစံနှုန်းများ

၃။ မြန်မာလွှတ်တော်၏ အဓိကစံနှုန်းများကို အောက်ပါအတိုင်း ထားရှိပါသည်-

(က) လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု၊

( ခ ) နိုင်ငံသားအားလုံး၏ မတူကွဲပြားမှု၊ တန်းတူညီမျှမှုနှင့် အားလုံးပါဝင်မှုတို့ကို လေးစားမှု၊

( ဂ ) တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ဖြောင့်မတ်မှန်ကန်မှုနှင့် ပြောင်းလဲလာသော အခြေအနေအပေါ် မှန်ကန်သော တုံ့ပြန်မှု၊

(ဃ) သမာသမတ်ကျမှုနှင့် ဉာဏ်ပညာအမြော်အမြင်ရှိမှု၊

( င ) ပြည်သူ့ဘဏ္ဍာများအား သုံးစွဲရာတွင် ထိရောက်အကျိုးရှိမှု။

# Chapter (2)

## Strategic Objectives

### Overall Objective

4. To perform the functions of Hluttaw, which are Legislation, Oversight and Representation, for the best interests of the State and its people.

### Strategic Objectives

5. There are four Strategic Objectives, which are as follows:

(a) **Objective (1)** - Improving effectiveness and impact of Plenary sessions and Committees;

(b) **Objective (2)** - Enhancing the capabilities of Members of Hluttaw to perform their responsibilities;

(c) **Objective (3)** - Upgrading the capabilities of Hluttaw staff and their services;

(d) **Objective (4)** - Improving communication, technology and collaboration.

### Objective 1

6. The programmes supporting the realization of the Objective are:

(a) To manage for legislating better laws, by-laws, rules of procedure and supporting services by reviewing the improvement of existing Hluttaw practices and legislative processes;

## အခန်း(၂)

## မဟာဗျူဟာရည်မှန်းချက်များ

### ခြုံငုံရည်မှန်းချက်

၄။ လွှတ်တော်၏ လုပ်ငန်းတာဝန်များဖြစ်သော ဥပဒေပြုရေး၊ ကိုယ်စားပြုရေးနှင့် စောင့်ကြည့်ထိန်းညှိရေးတို့ကို နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအား ရှေးရှု၍ ဆောင်ရွက်ရန်။

### မဟာဗျူဟာရည်မှန်းချက်များ

၅။ မဟာဗျူဟာရည်မှန်းချက်(၄) ခု ရှိပြီး အောက်ပါအတိုင်းဖြစ်သည် -

(က) **ရည်မှန်းချက်(၁)။** လွှတ်တော်အစည်းအဝေးနှင့် ကော်မတီများ၏ အကျိုးသက်ရောက်မှု မြှင့်တင်ခြင်း၊

(ခ) **ရည်မှန်းချက်(၂)။** လွှတ်တော်ကိုယ်စားလှယ်များ ၎င်းတို့ တာဝန်များကို ထမ်းဆောင်ရန်အတွက် အရည်အသွေး စွမ်းရည် မြှင့်တင်ခြင်း၊

(ဂ) **ရည်မှန်းချက်(၃)။** လွှတ်တော်ဝန်ထမ်းများနှင့် ၎င်းတို့၏ ဝန်ဆောင်မှုများ အရည်အသွေးကို မြှင့်တင်ခြင်း၊

(ဃ) **ရည်မှန်းချက်(၄)။** ဆက်သွယ်ရေး၊ နည်းပညာနှင့် ပူးပေါင်းဆောင်ရွက်မှု များကို မြှင့်တင်ခြင်း။

### ရည်မှန်းချက် (၁)

၆။ ရည်မှန်းချက်ပြီးမြောက်အောင်မြင်ရန် အထောက်အကူပေးနိုင်မည့် လုပ်ငန်းစဉ်များမှာ-

(က) လွှတ်တော်ဆိုင်ရာ ကျင့်သုံးဆောင်ရွက်နေမှုများနှင့် ဥပဒေပြုရေး လုပ်ငန်းစဉ်များကို ထိရောက်အားကောင်းလာစေရန် ပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ပုံပိုးမှုများ ချမှတ်ကျင့်သုံးရေး စီမံဆောင်ရွက်ရန်၊

(b) To create better intercommunication processes with the Union level organizations, civil society and media;

(c) To enable more effectiveness in the Hluttaw's ability to scrutinize and oversee the budget;

(d) To manage Pre-legislative discussions, submitting bills, and Post-legislative scrutiny processes effectively;

(e) To be able to draw up a scheduled, annual Hluttaw calendar;

(f) To be able to develop systematic programmes that meet the genuine needs and desires of the people through the inclusion of all stakeholders such as the public and civil society organizations in committee works;

(g) To develop the research and IT services with a view to improving the quality of legislation and oversight.

**Objective 2**

7. The programmes supporting the realization of the Objective are:

(a) To increase support to the Members of Hluttaw in order to have more effectiveness in their primary responsibilities and for their leading role to people;

(ခ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မီဒီယာများနှင့် ဆက်သွယ်ဆောင်ရွက်သည့်လုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာစေရေး စီမံဆောင်ရွက်ရန်၊

(ဂ) ဘတ်ဂျက်စိစစ်ခြင်းနှင့် စောင့်ကြည့်ထိန်းညှိခြင်း လုပ်ငန်းစဉ်များတွင် လွှတ်တော်က ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊

(ဃ) ဥပဒေကြမ်းမရေးဆွဲမီ တိုင်ပင်ဆွေးနွေးခြင်း လုပ်ငန်းစဉ်၊ ဥပဒေကြမ်းတင်သွင်းရေး ဆောင်ရွက်သည့်လုပ်ငန်းစဉ်နှင့် ဥပဒေပြုပြီးနောက် ပြန်လည်ဆန်းစစ်သည့် လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊

(င) လွှတ်တော်ပုံမှန်အစည်းအဝေး တစ်နှစ်တာလျာထားသော လွှတ်တော်ပြက္ခဒိန် ရေးဆွဲရေး စီမံဆောင်ရွက်ရန်၊

(စ) ကော်မတီလုပ်ငန်းများတွင် ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများ စသည့် ပါဝင်ပတ်သက်သူများအားလုံး ပါဝင်နိုင်စေခြင်းဖြင့် ပြည်သူများအတွက် အမှန်တကယ် လိုအပ်ချက်၊ လိုလားချက်များကို ကိုယ်စားပြုသော စနစ်ကျသည့် အစီအမံကောင်းများ ပေါ်ထွက်လာစေရန်၊

(ဆ) ဥပဒေပြုရေးနှင့် စောင့်ကြည့်ထိန်းညှိရေးလုပ်ငန်း အရည်အသွေးများ ပိုမိုတိုးတက်လာစေရန်အတွက် သုတေသနနှင့်သတင်းအချက်အလက် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ရန်။

**ရည်မှန်းချက် (၂)**

၇။ ရည်မှန်းချက်ပြီးမြောက်အောင်မြင်ရန် အထောက်အကူပေးနိုင်မည့် လုပ်ငန်းစဉ်များမှာ-

(က) လွှတ်တော်ကိုယ်စားလှယ်များ၏ မူလတာဝန်များကို ပိုမိုထိရောက်မှု ရှိစေရန်နှင့် ပြည်သူများကို ဦးဆောင်မှုပေးနိုင်ရန်အတွက် အထောက်အကူ ပေးခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်၊

(b) To draw up a code of conduct manual for Members of Hluttaw and to facilitate observance of the code;

(c) To put good plans that will enable the Members of Hluttaw to address the difficulties, needs and desires of their constituencies in a timely manner;

(d) To arrange for the Members of Hluttaw to learn the best practices of international parliaments in the spheres of legislation, oversight and representation;

(e) To arrange induction programmes for Members of Hluttaw and sustainable capacity building programmes after general elections and by-elections with national and international experts;

(f) To assist in the formation of a democratic federal system suitable for Myanmar through the study of international federal systems;

(g) To make plans for Members of Hluttaw to participate in the relevant areas of regional and international parliamentary meetings in order to represent the Myanmar Hluttaw in international relations and for their capacity development;

(h) To enact a law on Entitlement of Members of Hluttaw for effective performance of their functions.

( ခ ) ကိုယ်စားလှယ်များဆိုင်ရာ စံနမူနာကျင့်ဝတ် လက်စွဲစာအုပ် ရေးဆွဲပြီး လိုက်နာကျင့်သုံးနိုင်ရေး စီမံဆောင်ရွက်ရန်၊

( ဂ ) လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်ပြည်သူများ၏ အခက်အခဲ၊ လိုအပ်ချက်၊ လိုလားချက်များကို အချိန်မီ သိရှိဆောင်ရွက်နိုင်ရေးအတွက် ကောင်းမွန်သည့် အစီအမံများ ထားရှိဆောင်ရွက်ရန်၊

(ဃ) ဥပဒေပြုခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်း၊ ကိုယ်စားပြုခြင်းများနှင့် ပတ်သက်ပြီး နိုင်ငံတကာလွှတ်တော်များမှ အကောင်းဆုံး အလေ့အကျင့်များကို ပိုမိုလေ့လာနိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊

( င ) အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြီးနောက် လွှတ်တော်ကိုယ်စားလှယ်များအတွက် မိတ်ဆက်အစီအစဉ်များ ကျင်းပပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များကို ပြည်တွင်းပြည်ပ ပညာရှင်များဖြင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်ရန်၊

( စ ) နိုင်ငံတကာမှ ကျင့်သုံးနေသော ဖက်ဒရယ်စနစ်များကို လေ့လာ၍ မိမိနိုင်ငံနှင့် သင့်လျော်မည့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ရန်၊

(ဆ) နိုင်ငံတကာဆက်ဆံရေးတွင် လွှတ်တော်ကိုယ်စားပြု၍ ဆောင်ရွက်နိုင်ရန် နှင့် အရည်အသွေးတိုးတက်လာစေရန် လွှတ်တော်ဆိုင်ရာဒေသတွင်းနှင့် နိုင်ငံတကာ အစည်းအဝေးများသို့ ကျွမ်းကျင်မှုနယ်ပယ်အလိုက် တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ရန်၊

( ဇ ) လွှတ်တော်ကိုယ်စားလှယ်တာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ် အဆောင်အယောင်ဆိုင်ရာ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေး စီမံဆောင်ရွက်ရန်။

**Objective 3**

8. The programmes supporting the realization of the Objective are:

(a) To review the organizational structure of Hluttaw offices for expansion as necessary in order for Hluttaw's performances to be more effective;

(b) To draw up and implement a Hluttaw Sub-strategy on Human Resources Development;

(c) To practice an efficient system in management and financial matters for more effective services of Hluttaw staff;

(d) To develop the independence of the Hluttaw offices through enactment of a Hluttaw Service Law;

(e) To upgrade the capabilities of Hluttaw staff through development of effective capacity building programmes with national, international experts and organizations from various fields;

(f) To upgrade the research and information management capabilities of Hluttaw staff;

(g) To increase the international experience and exposure of Hluttaw staff through study visits to international parliaments, and participation in parliamentary related conferences.

**ရည်မှန်းချက် (၃)**

၈။ ရည်မှန်းချက် ပြီးမြောက်အောင်မြင်ရန် အထောက်အကူပေးနိုင်မည့် လုပ်ငန်းစဉ်များမှာ-

(က) လွှတ်တော်၏ လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ရုံးများ၏ ဝန်ထမ်းဖွဲ့စည်းပုံများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သလို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရန်၊

(ခ) လွှတ်တော်ရုံးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး နည်းဗျူဟာတစ်ရပ် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဂ) လွှတ်တော်ရုံးဝန်ထမ်းများက ဝန်ဆောင်မှုပေးရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် စီမံရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများတွင် လွယ်ကူလျင်မြန်သောစနစ်ကို ကျင့်သုံးဆောင်ရွက်ရန်၊

(ဃ) လွှတ်တော်ဝန်ထမ်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီး လွှတ်တော်ရုံးများ၏ သီးခြားရပ်တည်မှု အခန်းကဏ္ဍကို ပိုမိုတိုးတက်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ရန်၊

(င) လွှတ်တော်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ပညာရပ်နယ်ပယ်အလိုက် ပြည်တွင်းပြည်ပ ပညာရှင်များ၊ အဖွဲ့အစည်းများဖြင့် အရည်အသွေး မြှင့်တင်သည့် အစီအစဉ်များကို ထိရောက်စွာ စီမံဆောင်ရွက်ရန်၊

(စ) လွှတ်တော်ဝန်ထမ်းများ၏ သုတေသနဝန်ဆောင်မှုနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှု နည်းပညာအရည်အသွေးမြှင့်တင်ရေး အစီအစဉ်များ စီမံဆောင်ရွက်ရန်၊

(ဆ) လွှတ်တော်ဝန်ထမ်းများအတွက် နိုင်ငံတကာလွှတ်တော်များသို့ လေ့လာစေခြင်း၊ ပညာရပ်ဆိုင်ရာညီလာခံများ တက်ရောက်စေခြင်းဖြင့် နိုင်ငံတကာ အတွေ့အကြုံများ ပိုမိုရရှိလာစေရေး စီစဉ်ဆောင်ရွက်ရန်။

**Objective 4**

9. The programmes supporting the realization of the Objective are:

(a) To raise public knowledge and awareness of the role and functions of Hluttaw and its Members through a wide dissemination of information on Hluttaw, and to increase public relations for better Hluttaw responsiveness to the people's desires;

(b) To upgrade the management on Hluttaw information, and to disseminate information to Members of Hluttaw and Hluttaw staff through development of skills and infrastructures of library, research, and information and communications technology;

(c) To develop and implement a Hluttaw Sub-strategy on Communications for the sustainable development of Hluttaw communication system including a wider and more direct interaction among Hluttaws, external organizations and other stakeholders;

(d) To cooperate with development partners for trainings on the skills needed by Hluttaw staff for emergence of an e-Parliament;

(e) To collaborate through relevant organizations for the development and capacity building of State and Region Hluttaws;

## ရည်မှန်းချက် (၄)

၉။ ရည်မှန်းချက်ပြီးမြောက်အောင်မြင်ရန် အထောက်အကူပေးနိုင်မည့် လုပ်ငန်းစဉ်များမှာ-

(က) လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များကို ပြည်သူများပိုမိုသိရှိလာစေရေးအတွက် လွှတ်တော်သတင်းအချက်အလက်များကို ကျယ်ပြန့်စွာဖြန့်ဝေနိုင်ရေးနှင့် ပြည်သူ့ အသံကို ပိုမိုနားထောင်နိုင်စေရန် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်၊

( ခ ) လွှတ်တော်သတင်းအချက်အလက်များ စီမံခန့်ခွဲမှုပိုမိုကောင်းမွန်စေရန်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများထံ သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ရန်အတွက် စာကြည့်တိုက်၊ သုတေသန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများနှင့် ယင်းတို့၏ အခြေခံအဆောက်အဦများ တိုးတက်အောင်ဆောင်ရွက်ရန်၊

( ဂ ) လွှတ်တော်အချင်းချင်းသော်လည်းကောင်း၊ လွှတ်တော်ပြင်ပအဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ အခြားပါဝင်ပတ်သက်သူများနှင့် သော်လည်းကောင်း ကျယ်ပြန့်စွာ တိုက်ရိုက်ဆက်သွယ်မှုများပါဝင်သည့် လွှတ်တော်ဆက်သွယ်ရေး စနစ်ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့စေရေးအတွက် ဆက်သွယ်ရေး ဆိုင်ရာနည်းဗျူဟာတစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ရန်၊

(ဃ) e-Parliament ဖြစ်ပေါ်လာရေးအတွက် လွှတ်တော်ဝန်ထမ်းများအား လိုအပ်သည့်နည်းပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် အကူအညီပေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

( င ) တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းရည်တည်ဆောက်ရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့များမှတစ်ဆင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(f) To develop and implement a Hluttaw Sub-strategy on Information and Communications Technology for ICT sector development in order to improve Hluttaw functions;

(g) To develop and implement a Hluttaw Sub-strategy on Development of the Hluttaw Learning Centre to be able to raise the capacities of Members of Hluttaw and Hluttaw staff effectively;

(h) To be more effective in cooperating with international development partners for the development of Hluttaw;

(i) To increase international relations for better connectivity with the international parliamentary community including parliaments from ASEAN member states;

(j) To support the drafting of domestic laws through the study of International laws;

(k) To draw up up-to-date plans to acquire supporting equipment and infrastructures in order to improve effectiveness of Hluttaw functions;

(l) To prepare supporting services systematically for natural and man-made disasters that may occur in Hluttaw.

( စ ) လွှတ်တော်၏ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် လွှတ်တော်လုပ်ငန်းစဉ်များ ပိုမို ထိရောက်မှုရှိစေရန်အတွက် လွှတ်တော်သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ နည်းဗျူဟာတစ်ရပ် ရေးဆွဲအကောင် အထည်ဖော်ရန်၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင် ပေးရာတွင် လွှတ်တော်သင်ကြားရေးဗဟိုဌာနက ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် လွှတ်တော်သင်ကြားရေးဗဟိုဌာနဖွံ့ဖြိုးရေး နည်းဗျူဟာတစ်ရပ် ရေးဆွဲ အကောင်အထည်ဖော်ရန်၊

( ဇ ) လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာဖွံ့ဖြိုးမှု အကူအညီပေးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအား ပိုမို ထိရောက်အောင် ဆောင်ရွက်ရန်၊

( ဈ ) အာဆီယံအဖွဲ့ဝင်နိုင်ငံလွှတ်တော်များ အပါအဝင် နိုင်ငံတကာလွှတ်တော် အသိုက်အဝန်းနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရေး အတွက် နိုင်ငံတကာဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ရန်၊

(ည) ပြည်တွင်းဥပဒေများရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန် နိုင်ငံတကာ ဥပဒေများကို လေ့လာနိုင်ရေးဆောင်ရွက်ရန်၊

( ဋ ) လွှတ်တော်လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူပြု ပစ္စည်းများနှင့် အခြေခံအဆောက်အဦများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို ခေတ်နှင့်အညီ စီမံကိန်းချမှတ်ဆောင်ရွက်ရန်၊

( ဌ ) လွှတ်တော်အတွင်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များနှင့် လူသားများကြောင့်ဖြစ်သော ဘေးအန္တရာယ်များအတွက် ဝန်ဆောင်မှုများ ပေးခြင်းကို စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ရာတွင် အထောက်အကူ ရရှိရေး ဆောင်ရွက်ရန်။

## Chapter (3)

## Hluttaw Sub-strategy on Human Resources Development

### Sub-strategy to support Objectives of the Hluttaw Strategic Plan

10. The programmes supporting the realization of the Objective (3) of the Strategic Plan are:

(a) To develop individual skills of staff and departmental capacity through continuous learning process;

(b) To increase human resource expertise in all three offices of Hluttaw for extensive use of good practices and procedures on human resources;

(c) To create a good and amenable workplace environment by adopting the Hluttaw's Objectives which reflect its fundamental standards;

(d) To manage for effective services of the staff in performing duties with commitment and high capability;

(e) To provide effective services of the staff with good and systematic communication skills;

(f) To identify good practices from work;

(g) To create a good working environment with good personnel.

# အခန်း(၃)

## လွှတ်တော်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနည်းဗျူဟာ

## မဟာဗျူဟာရည်မှန်းချက်များကို ထောက်ပံ့ပေးမည့် နည်းဗျူဟာဆိုင်ရာအချက်အလက်များ

၁၀။ မဟာဗျူဟာရည်မှန်းချက်(၃)ကို ထောက်ပံ့ပေးမည့် နည်းဗျူဟာဆိုင်ရာ အချက်အလက်များမှာ-

(က) စဉ်ဆက်မပြတ် လေ့လာသင်ယူစေမှုအား ဖန်တီးပေးခြင်းဖြင့် ဝန်ထမ်းများ၏ တစ်ဦးချင်း လုပ်ငန်းကျွမ်းကျင်မှုများနှင့် ဌာနအလိုက် စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကျင့်ထုံးကောင်းများနှင့် လုပ်ထုံးလုပ်နည်းများကို လွှတ်တော် (၃) ရုံးတွင် တွင်ကျယ်စွာ အသုံးချနိုင်စေရန် အတွက် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကျွမ်းကျင်မှုပညာရပ်များကို မြှင့်တင်ရန်၊

(ဂ) လွှတ်တော်၏ အဓိကစံနှုန်းများကို ထင်ဟပ်စေသော ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းလုပ်ကိုင်ရန် လွယ်ကူချောမွေ့သော လုပ်ငန်းခွင်အနေအထားတစ်ခုကို ဖန်တီးပေးရန်၊

(ဃ) ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် လေးနက်သောစိတ်ဆန္ဒ၊ မြင့်မားသောစွမ်းဆောင်ရည်များဖြင့် ထိရောက်သော ဝန်ဆောင်မှုများ ပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊

(င) ဝန်ထမ်းများသည် လုပ်ငန်းကျွမ်းကျင်ထိရောက်စွာ ဆက်သွယ်ဆက်ဆံနိုင်သော စွမ်းရည်များ၊ စနစ်ကျသောဆက်သွယ်ဆက်ဆံမှု လုပ်ငန်းစဉ်များဖြင့် ထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရန်၊

(စ) လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်းမှ အလေ့အထကောင်းများ ဖော်ထုတ်နိုင်ရန်၊

(ဆ) ဝန်ထမ်းကောင်းများဖြင့် လုပ်ငန်းခွင်ကောင်း တည်ထောင်ရန်။

## Chapter (4)

## Hluttaw Sub-strategy on Communications

### Sub-strategy to support Objectives of the Hluttaw Strategic Plan

11. The programmes supporting the realization of the Objective (1) of the Strategic Plan are:

(a) To speed up the realization of e-Parliament in order to better communicate with Union level organizations and civil society;

(b) To arrange the sharing of data of the work of Union level organizations in Hluttaw;

(c) To develop and implement a programme for wider dissemination of Hluttaw information to the Union level organizations and civil society;

(d) To improve the participation of civil society and public in the work of Committees by using online media (social media/website/ e-mail) as well as printed media;

(e) To implement information exchange programme on the work of Plenary sessions and Committees with international parliaments and parliamentary organizations.

2. The programmes supporting the realization of the Objective (2) of the Strategic Plan are:

(a) To facilitate the increased use of online media and printed media for effective functioning of Members of Hluttaw;

## အခန်း(၄)

## လွှတ်တော်ဆက်သွယ်ရေးဆိုင်ရာနည်းဗျူဟာ

## မဟာဗျူဟာရည်မှန်းချက်များကို ထောက်ပံ့ပေးမည့် နည်းဗျူဟာဆိုင်ရာအချက်အလက်များ

၁၁။ မဟာဗျူဟာရည်မှန်းချက်(၁)ကို ထောက်ပံ့ပေးမည့် နည်းဗျူဟာဆိုင်ရာ အချက်အလက်များမှာ-

(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှု အားကောင်းစေရန်အတွက် e-Parliament ဖော်ဆောင်မှုကို တိုးမြှင့်ဆောင်ရွက်ရန်၊

( ခ ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ယင်းတို့၏လုပ်ငန်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို လွှတ်တော်တွင်း မျှဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊

( ဂ ) လွှတ်တော်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကိုလည်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ ကျယ်ပြန့်စွာ သိရှိစေရန်အတွက် အစီအစဉ်များချမှတ်၍ အကောင်အထည်ဖော်ရန်၊

(ဃ) ကော်မတီ၏ လုပ်ငန်းဆောင်တာများတွင် အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများ ပိုမိုပါဝင်စေရေးအတွက် online media (social media/ website/e-mail) နှင့် printed media များ အသုံးပြု၍ ဆက်သွယ်ဆောင်ရွက်မှုအား ပိုမိုအားကောင်းစေရေး တိုးမြှင့်ဆောင်ရွက်ရန်၊

( င ) လွှတ်တော်အစည်းအဝေးများ၊ ကော်မတီများ၏ ဆောင်ရွက်ချက်များနှင့် နိုင်ငံတကာလွှတ်တော်များ၊ လွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ ဖလှယ်သည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်။

၁၂။ မဟာဗျူဟာရည်မှန်းချက်(၂)ကို ထောက်ပံ့ပေးမည့် နည်းဗျူဟာဆိုင်ရာ အချက်အလက်များမှာ -

(က) လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များ ထိရောက်စွာ ထမ်းဆောင်နိုင်ရန်အတွက် online media နှင့် printed media ကို တိုးမြှင့် အသုံးပြုနိုင်ရေး ကူညီဆောင်ရွက်ရန်၊

(b) To establish contacts with international parliaments, parliamentary organizations and development partners for Members of Hluttaw to gain international experiences and to represent Hluttaw.

13. The programmes supporting the realization of the Objective (3) of the Strategic Plan are:

(a) To upgrade the capabilities of Hluttaw staff for visitor service;

(b) To improve diplomatic relations skills of staff dealing with international relations;

(c) To upgrade media communication skills of staff dealing with public relations;

(d) To upgrade ICT skills of staff dealing with dissemination of Hluttaw information through online media.



14. The programmes supporting the realization of the Objective (4) of the Strategic Plan are:

(a) To establish public relations departments in the three offices of Hluttaw in order to expand their public relations work;

(b) To raise public awareness on Hluttaw educational programmes through online and printed media;

(c) To strengthen public relations capabilities through coordination with State and Region Hluttaws;

(d) To establish contact with international parliamentary community for a better reciprocal relationship;

(e) To increase cooperation with the media to enable them to report Hluttaw information objectively and transparently.

(ခ) လွှတ်တော်ကိုယ်စားလှယ်များ နိုင်ငံတကာအတွေ့အကြုံများရရှိရေး၊ လွှတ်တော်ကို ကိုယ်စားပြုနိုင်ရေးတို့အတွက် နိုင်ငံတကာလွှတ်တော်များ၊ လွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။

၁၃။ မဟာဗျူဟာရည်မှန်းချက်(၃)ကို ထောက်ပံ့ပေးမည့်နည်းဗျူဟာဆိုင်ရာအချက်အလက်များမှာ-

(က) လွှတ်တော်လေ့လာရေး ဝန်ဆောင်မှုကဏ္ဍရှိ ဝန်ထမ်းများ၏ အရည်အသွေး မြှင့်တင်ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတကာဆက်ဆံရေးကဏ္ဍရှိ ဝန်ထမ်းများ၏ သံတမန်ဆက်ဆံရေးအရည်အသွေး မြှင့်တင်ပေးရန်၊

(ဂ) သတင်းမီဒီယာသမားများနှင့် ဆက်သွယ်ဆောင်ရွက်နေသော ဝန်ထမ်းများအတွက် မီဒီယာဆက်ဆံရေး အရည်အသွေးမြှင့်တင်ပေးရန်၊

(ဃ) online media မှတစ်ဆင့် လွှတ်တော်၏ သတင်းအချက်များသိရှိအောင် ဝန်ဆောင်မှုပေး ဆောင်ရွက်နေသောဝန်ထမ်းများ ICT အရည်အသွေး မြှင့်တင်ရန်။

၁၄။ မဟာဗျူဟာရည်မှန်းချက်(၄)ကို ထောက်ပံ့ပေးမည့် နည်းဗျူဟာဆိုင်ရာ အချက်အလက်များမှာ-

(က) ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ရုံး (၃)ရုံးတွင် ပြည်သူ့ဆက်ဆံရေးဌာနများ ဖွဲ့စည်းဆောင်ရွက်ရန်၊

(ခ) လွှတ်တော်ဆိုင်ရာ အသိပညာပေးအစီအစဉ်များကို ပြည်သူများကျယ်ပြန့်စွာ သိရှိစေရန် online media နှင့် printed media များဖြင့် တိုးမြှင့်ဆောင်ရွက်ရန်၊

(ဂ) ပြည်သူ့ဆက်ဆံရေးလုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များနှင့် ချိတ်ဆက်ပြီး လွှတ်တော်လုပ်ငန်းစဉ်များ ပေါင်းစပ်ညှိနှိုင်းရန်၊

(ဃ) နိုင်ငံတကာလွှတ်တော်အသိုက်အဝန်းနှင့် ချိတ်ဆက်၍ အပြန်အလှန်ဆက်ဆံရေး စနစ် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်၊

(င) မီဒီယာများအနေဖြင့် တိကျမှန်ကန်ပြီး ပွင့်လင်းမြင်သာမှုရှိသည့် လွှတ်တော်ဆိုင်ရာ သတင်းများ ထုတ်ပြန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်။

## Chapter (5)

## Hluttaw Sub-strategy on Information and Communications Technology

### Sub-strategy to support Objectives of the Hluttaw Strategic Plan

15. The programmes supporting the realization of the Objective (1) of Strategic Plan are:

(a) To develop use of Microsoft SharePoint widely for strengthening legislative processes including Post-legislative scrutiny, and the budget and oversight processes;

(b) To link up with the Myanmar National Portal and other national level networks for better communication with Union level organizations and civil society;

(c) To be able to upload a proposed yearly Hluttaw Calendar into the Hluttaw websites;

(d) To upgrade the Hluttaw websites for more effective work programmes in plenary and committee work;

(e) To use a Hluttaw intranet to develop research and information services.

16. The programmes supporting the realization of the Objective (2) of the Strategic Plan are:

(a) To provide technical support for effective functioning of the primary responsibilities of the Members of Hluttaw, and their leading role to the people;

## အခန်း(၅)

## လွှတ်တော် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာနည်းဗျူဟာ မဟာဗျူဟာရည်မှန်းချက်များကို ထောက်ပံ့ပေးမည့် နည်းဗျူဟာဆိုင်ရာအချက်အလက်များ

၁၅။ မဟာဗျူဟာရည်မှန်းချက်(၁)ကို ထောက်ပံ့ပေးမည့် နည်းဗျူဟာဆိုင်ရာ အချက်အလက်များမှာ-

(က) ဥပဒေပြုပြီးနောက် ပြန်လည်ဆန်းစစ်သည့် လုပ်ငန်းစဉ်များအပါအဝင် ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ ဘတ်ဂျက်စိစစ်ခြင်းနှင့် စောင့်ကြည့်ထိန်းညှိခြင်း လုပ်ငန်းစဉ်များ အားကောင်းစေရန်၊ Microsoft SharePoint ကို တွင်ကျယ်စွာ အသုံးပြုနိုင်ရေး ဆောင်ရွက်ရန်၊

(ခ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်အတွက် Myanmar National Portal နှင့် အခြား အမျိုးသားအဆင့်ကွန်ယက်များမှ တစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဂ) တစ်နှစ်တာလျာထားသော လွှတ်တော်ပြက္ခဒိန်အား Hluttaw website များတွင် ထည့်သွင်းသွားရန်၊

(ဃ) အစည်းအဝေးနှင့် ကော်မတီလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် Hluttaw website များအား အဆင့်မြှင့်တင်သွားရန်၊

(င) သုတေသနနှင့်သတင်းအချက်အလက် ဝန်ဆောင်မှုလုပ်ငန်းများအား ဖွံ့ဖြိုး တိုးတက်စေရေးအတွက် လွှတ်တော် Intranet အား အသုံးပြုသွားရန်။

၁၆။ မဟာဗျူဟာရည်မှန်းချက်(၂)ကို ထောက်ပံ့ပေးမည့် နည်းဗျူဟာဆိုင်ရာ အချက်အလက်များမှာ-

(က) လွှတ်တော်ကိုယ်စားလှယ်များ၏ မူလတာဝန်များကို ပိုမိုထိရောက်မှု ရှိစေရေးနှင့် ပြည်သူများကို အချက်အလက်များ ဝန်ဆောင်မှု ပေးနိုင်စေရေးတို့အတွက် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီ ဆောင်ရွက်ပေးရန်၊

(b) To configure the Website with a direct contact system between Members of Hluttaw and their constituents to address the difficulties, needs and desires of the constituents in a timely manner;

(c) To provide technical support in arranging induction and sustainable capacity building programmes for Members of Hluttaw after general elections and by-elections with national and international experts.

17. The programmes supporting the realization of the Objective (3) of the Strategic Plan are:

(a) To expand the set-up of Hluttaw ICT staff and to organize advanced technical training courses for wider use of Hluttaw Intranet;

(b) To upgrade the ICT capabilities of Hluttaw staff.

18. The programmes supporting the realization of the Objective (4) of the Strategic Plan are:

(a) To offer wider online services through expanded use of ICT technologies for the success of public relations services;

(b) To upgrade Network, Server, and Applications infrastructures;

(c) To coordinate the support of software and user-devices which are necessary for expanded use of ICT.

(ခ) မဲဆန္ဒရှင်ပြည်သူများ၏ အခက်အခဲ၊ လိုအပ်ချက်၊ လိုလားချက်များကို အချိန်မီသိရှိ ဆောင်ရွက်နိုင်စေရေးအတွက် Website တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်သည့် နည်းပညာများ ထည့်သွင်းရန်၊

(ဂ) ရွေးကောက်ပွဲများကျင်းပပြီးနောက် လွှတ်တော်ကိုယ်စားလှယ်များအတွက် မိတ်ဆက်အစီအစဉ်များကျင်းပပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ် များကို ပြည်တွင်းပြည်ပ ပညာရှင်များဖြင့် ပေါင်းစပ်၍ စဉ်ဆက်မပြတ်နည်းပညာ မျှဝေခြင်း၊ နည်းပညာဆိုင်ရာ ကူညီပေးခြင်းများ ဆောင်ရွက်သွားရန်။

၁၇။ မဟာဗျူဟာရည်မှန်းချက်(၃)ကို ထောက်ပံ့ပေးမည့် နည်းဗျူဟာဆိုင်ရာ အချက်အလက် များမှာ-

(က) လွှတ်တော် Intranet စနစ်အား ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးအတွက် ICT ဝန်ထမ်းများ တိုးမြှင့်ခန့်ထားခြင်းနှင့် အဆင့်မြင့်နည်းပညာဆိုင်ရာ သင်တန်းများ ပေးသွားရန်၊

(ခ) လွှတ်တော်ဝန်ထမ်းများ၏ ICT နည်းပညာဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးရန်။

၁၈။ မဟာဗျူဟာရည်မှန်းချက်(၄)ကို ထောက်ပံ့ပေးမည့် နည်းဗျူဟာဆိုင်ရာ အချက်အလက် များမှာ-

(က) ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ အောင်မြင်စေရန် ICT နည်းပညာရပ် များကို ပိုမို အသုံးပြု၍ Online service များ ကျယ်ပြန့်စွာ ဆောင်ရွက်ရန်၊

(ခ) အခြေခံအဆောက်အဦများဖြစ်သည့် Network ဆိုင်ရာများ၊ Server ဆိုင်ရာများ၊ Application များအား ပိုမိုကောင်းမွန်တိုးတက်စေရေး မြှင့်တင်ဆောင်ရွက်ရန်၊

(ဂ) ICT အသုံးပြုမှုတိုးချဲ့ရန် လိုအပ်သည့် Software နှင့် ကိရိယာများ ထောက်ပံ့မှုကို ညှိနှိုင်းဆောင်ရွက်ရန်။

# Chapter (6)

## Hluttaw Sub-strategy on Development of the Hluttaw Learning Centre

## Sub-strategy to support Objectives of the Hluttaw Strategic Plan

19. The programmes supporting the realization of the Objective (1) of the Strategic Plan are:

(a) To coordinate the planning and implementation of training programmes for increased knowledge and expertise in the effective oversight role of Hluttaw;

(b) To support the development of functions, roles and rules of procedure of Plenary sessions and Committees.

20. The programmes supporting the realization of the Objective (2) of the Strategic Plan are:

(a) To form a steering committee composed of Members of Hluttaw, senior Hluttaw officials, and suitable experts for provision of strategic directions and important policy decisions of the Hluttaw Learning Centre;

(b) To plan capacity building training programmes for Members of Hluttaw in accordance with the Hluttaw calendar;

(c) To provide opportunities to Members of Hluttaw for individual or group study;

(d) To arrange induction programmes for newly elected Members of Hluttaw;

(e) To arrange substantive briefings as required for Members of Hluttaw undertaking study visits, attending international conferences and workshops;

(f) To plan and implement programmes, as required, for Members of State and Region Hluttaws.

## အခန်း(၆)

## လွှတ်တော် သင်ကြားရေးဗဟိုဌာန ဖွံ့ဖြိုးရေးနည်းဗျူဟာ

## မဟာဗျူဟာရည်မှန်းချက်များကို ထောက်ပံ့ပေးမည့် နည်းဗျူဟာဆိုင်ရာအချက်အလက်များ

၁၉။ မဟာဗျူဟာရည်မှန်းချက်(၁)ကို ထောက်ပံ့ပေးမည့်နည်းဗျူဟာဆိုင်ရာ အချက်အလက်များမှာ-

(က) လွှတ်တော်၏အပြန်အလှန်ထိန်းကျောင်းမှု အခန်းကဏ္ဍကို မြှင့်တင်ရန်အတွက် ကျွမ်းကျင်မှုနှင့်အသိပညာများ တိုးတက်စေမည့်သင်တန်းများ စီစဉ် အကောင်အထည်ဖော်မှုကို ညှိနှိုင်းဆောင်ရွက်ရန်၊

(ခ) လွှတ်တော်အစည်းအဝေးနှင့် ကော်မတီတို့၏ လုပ်ငန်းတာဝန်များ၊ အခန်းကဏ္ဍများနှင့် လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ် ဆောင်ရွက်ရာတွင် ထောက်ပံ့ပေးရန်။

၂၀။ မဟာဗျူဟာရည်မှန်းချက်(၂)ကို ထောက်ပံ့ပေးမည့်နည်းဗျူဟာဆိုင်ရာ အချက်အလက်များမှာ-

(က) လွှတ်တော်သင်ကြားရေးဗဟိုဌာန၏ မဟာဗျူဟာကျသော လမ်းညွှန်မှုနှင့် အရေးကြီးသည့် မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ အကြီးတန်းအရာရှိများနှင့် သင့်လျော်သော ပညာရှင်များ ပါဝင်သည့် ဦးဆောင်အဖွဲ့တစ်ခု ဖွဲ့စည်းဆောင်ရွက်ရန်၊

(ခ) ကိုယ်စားလှယ်များစွမ်းရည်မြှင့်တင်ခြင်းအစီအစဉ်များကို လွှတ်တော်ပြက္ခဒိန်ပေါ် မူတည်၍ ရေးဆွဲဆောင်ရွက်ရန်၊

(ဂ) တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုငယ်များနှင့်သော်လည်းကောင်း လေ့လာသင်ယူနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်အသစ်များအား လွှတ်တော်မိတ်ဆက်အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ပေးရန်၊

(င) ပြည်ပလေ့လာရေးခရီးစဉ်များ၊ နှီးနှောဖလှယ်ပွဲများနှင့် အစည်းအဝေးများ သွားရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များသိရှိရန် ဘာသာရပ်ဆိုင်ရာ ကိစ္စရပ်များအား လိုအပ်ချက်ပေါ်မူတည်၍ စီစဉ်ဆောင်ရွက်ပေးရန်၊

(စ) တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် လိုအပ်ချက်အပေါ်မူတည်၍ အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန်။

21. The programmes supporting the realization of the Objective (3) of the Strategic Plan are:

(a) To form a task force on staff training under the guidance of the Steering Committee;

(b) To draw yearly prioritized programmes and suitable syllabuses for training;

(c) To arrange preparatory briefings as required for Hluttaw staff undertaking study visits, attending international conferences and workshops;

(d) To plan and implement programmes, as required, for staff of State and Region Hluttaws.

(e) To draw up policies and standard procedures; and periodic review systems for the Hluttaw Learning Centre.

22. The programmes supporting the realization of the Objective (4) of the Strategic Plan are:

(a) To organize capacity development programmes for Members of Hluttaw and Hluttaw staff by establishing contacts with international parliamentary learning centres and organizations;

(b) To arrange training programmes for increasing awareness on Hluttaw matters at home and abroad;

(c) To support raising of public awareness on facts about Hluttaw and Hluttaw educational programmes through its social media;

(d) To cooperate with the Human Resources Departments of respective Hluttaws in arranging necessary knowledge and capacity building programmes.

၂၁။ မဟာဗျူဟာရည်မှန်းချက်(၃)ကို ထောက်ပံ့ပေးမည့်နည်းဗျူဟာဆိုင်ရာ အချက်အလက်များမှာ-

(က) ဦးဆောင်အဖွဲ့၏ဦးဆောင်မှုဖြင့် ဝန်ထမ်းလေ့ကျင့်ရေးဆိုင်ရာကိစ္စများ အတွက် တာဝန်ခံအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်၊

(ခ) နှစ်အလိုက် ဦးစားပေးသင်တန်းအစီအစဉ်များနှင့် သင့်လျော်သည့်သင်ရိုးညွှန်းတမ်းများ ရေးဆွဲဆောင်ရွက်ရန်၊

(ဂ) လွှတ်တော်ဝန်ထမ်းများ၏ ပြည်ပလေ့လာရေးခရီးစဉ်များ၊ နှီးနှောဖလှယ်ပွဲများနှင့် အစည်းအဝေးများ၏ ဘာသာရပ်ဆိုင်ရာ ကိစ္စရပ်များအား လိုအပ်ချက်ပေါ် မူတည်၍ ဆောင်ရွက်ပေးရန်၊

(ဃ) တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဝန်ထမ်းများအတွက် လိုအပ်ချက်အပေါ် မူတည်၍ အစီအစဉ်များရေးဆွဲဆောင်ရွက်ရန်၊

(င) လွှတ်တော်သင်ကြားရေးဌာနအတွက် မူဝါဒနှင့် စံပြုလုပ်ငန်းစဉ်များကို ရေးဆွဲပြီး ပုံမှန် ပြန်လည်သုံးသပ်နိုင်ရန် စနစ်များ ချမှတ်ခြင်း။

၂၂။ မဟာဗျူဟာရည်မှန်းချက်(၄)ကို ထောက်ပံ့ပေးမည့်နည်းဗျူဟာဆိုင်ရာ အချက်အလက်များမှာ-

(က) လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ စွမ်းရည်တိုးတက်ရေးအတွက် နိုင်ငံတကာလွှတ်တော်သင်ကြားရေးဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက် အစီအစဉ်များ ဆောင်ရွက်ရန်၊

(ခ) ပြည်တွင်းပြည်ပမှ လွှတ်တော်ရေးရာကိစ္စရပ်များကို ပိုမိုသိရှိနိုင်စေရန် သင်တန်းများ စီစဉ်ဆောင်ရွက်ရန်၊

(ဂ) လွှတ်တော်၏ လူမှုကွန်ယက်များမှတစ်ဆင့် လွှတ်တော်ဆိုင်ရာ ဗဟုသုတများ၊ လွှတ်တော်ပညာပေးခြင်းများအား အများပြည်သူ သိရှိအောင် ပံ့ပိုးကူညီ ပေးရန်၊

(ဃ) လူ့စွမ်းအားအရင်းအမြစ်ဌာနများနှင့် ချိတ်ဆက်ကာ လိုအပ်သော ဗဟုသုတနှင့် စွမ်းရည်မြှင့်တင်ခြင်း အစီအစဉ်များကို လွှတ်တော်အလိုက် လိုအပ်ချက်များ ပေါ်မူတည်၍ ပူးပေါင်းဆောင်ရွက်ရန်။

## Chapter (7)

## Collecting Resources

23. Hluttaw recognizes that funds and technologies are essential for implementation of the Strategic Plan (2019-2022) effectively and successfully. These requirements are to be fulfilled by increasing the State budget allocation and expanding effective cooperation programmes with development partners.

24. Hluttaw has received beneficial assistance for its development by establishing a solid base of friendly relations with development partners and international parliaments.

25. For the implementation of the Strategic Plan, Hluttaw is confident that the Hluttaw development assistance and cooperation activities, based upon a wider, more effective and useful relationship with international parliaments and development partners, will receive continued support.

## အခန်း(၇)

## အရင်းအမြစ်များစုဆောင်းခြင်း

၂၃။ လွှတ်တော်သည် ဤမဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) ကို အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေနှင့် နည်းပညာလိုအပ်ချက်များရှိသည်ကို အသိအမှတ်ပြုပါသည်။ ဤလိုအပ်ချက်များကို နိုင်ငံတော်၏ဘဏ္ဍာရေးထောက်ပံ့မှု တိုးမြှင့်ပေးခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်ခြင်းတို့ဖြင့် ဖြည့်ဆည်းဆောင်ရွက်ရန်ဖြစ်သည်။

၂၄။ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာမှလွှတ်တော်များနှင့် ခိုင်မာအားကောင်းသော မိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်လျက်အကျိုးရှိသော ထောက်ပံ့ကူညီမှုများကို လက်ခံရရှိလျက်ရှိသည်။

၂၅။ ဤမဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ရာတွင်လည်း နိုင်ငံတကာလွှတ်တော်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပိုမိုကျယ်ပြန့်ပြီး ထိရောက်အကျိုးရှိသောမိတ်ဖက်ဆက်ဆံရေးအပေါ် အခြေခံသည့် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေး ထောက်ပံ့ကူညီမှုများ၊ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ ဆက်လက်ရရှိလိမ့်မည်ဟု ယုံကြည်သည်။

## Chapter (8)

## Implementation, Monitoring and Reporting

26. It is necessary to develop a timely system of monitoring and periodic reporting on the Annual Work Plans which aim for effective implementation of the targets of the long-term plan.

27. Quantitative and Qualitative Key Performance Indicators (KPI) must be identified in advance for the long-term/short-term completion of programmes and targeted results. In addition, the persons and positions for preparing and assessing the reports must be identified.

28. In order for the Hluttaw to carry out the above-mentioned steps, it will be necessary to obtain international technical assistance and advice, and to organize capacity building programmes for continuous implementation.

29. As the Strategic Plan is a long-term plan, it should be a flexible guideline that is adaptable to the changing situation during the implementation period.

30. The Mid-term Review will be in the middle of the year 2020 to review the objectives, results and priorities of the implementation of the Strategic Plan. The Final Evaluation on the Strategic Plan will be in the last quarter of the final year 2022.

## အခန်း(၈)

## အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အစီရင်ခံစာတင်ခြင်း

၂၆။ ကာလရှည်စီမံကိန်းတစ်ရပ်ကို ချောမွေ့စွာအကောင်အထည်ဖော်ရန်နှင့် ရည်မှန်းထားသော ရလဒ်များ ကောင်းမွန်စွာဖော်ဆောင်နိုင်ရေးအတွက် ကျနစွာရေးဆွဲထားသော နှစ်အလိုက် ဦးစားပေး လုပ်ငန်းအစီအစဉ်များ(Annual Workplans) နှင့် ၎င်းလုပ်ငန်းအစီအစဉ်များ အကောင်အထည် ဖော်ခြင်းအပေါ် စေ့စပ်စွာကွပ်ကဲထိန်းကျောင်းနိုင်မည့် စောင့်ကြည့်အကဲဖြတ်ခြင်း(Monitoring)နှင့် ပုံမှန် အစီရင်ခံစာ (Periodic Report) များ အချိန်နှင့် တစ်ပြေးညီ တင်ပြခြင်း စနစ်တစ်ခု လိုအပ်သည်။

၂၇။ ယင်းသို့ဆောင်ရွက်နိုင်ရန် ရေရှည်/ရေတိုကာလအလိုက် လုပ်ငန်းပြီးစီးမှု အခြေအနေနှင့် ရည်မှန်းထားသောရလဒ်များ၏ အရေအတွက်နှင့်အရည်အသွေး စိစစ်တိုင်းတာရန် စံနှုန်းများ (Quantitative and Qualitative Key Performance Indicators-KPI) ကို ကြိုတင်ပိုင်းခြား သတ်မှတ်ထားရမည်ဖြစ်ပါသည်။ ထို့အပြင် အစီရင်ခံစာတင်ပြရန်အတွက် ပြုစုတင်ပြမည့် ပုဂ္ဂိုလ်/ အဆင့်နှင့် အစီရင်ခံစာအပေါ် လက်ခံသုံးသပ်မည့် ပုဂ္ဂိုလ်/အဆင့်တို့ကို သတ်မှတ်ပေးရမည်။

၂၈။ အထက်ဖော်ပြပါ လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ နည်းပညာ အထောက်အကူနှင့်အကြံပြုချက်များရယူရန်လိုအပ်ပြီး လွှတ်တော်မှ ယင်းလုပ်ငန်းများစဉ်ဆက်မပြတ် တာဝန်ယူဆောင်ရွက်နိုင်ရန်အတွက် စွမ်းရည်မြှင့်တင်မှု(Capacity building)များလည်း လိုအပ်သည်။

၂၉။ ရေရှည်စီမံကိန်းတစ်ရပ်ဖြစ်သည့်အတိုင်း စီမံကိန်းကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် အခြေအနေ ပြောင်းလဲမှုများနှင့်အညီ ညှိနှိုင်းပြောင်းလဲနိုင်သည့် ပြောင်းလွယ်ပြင်လွယ်သည့် လုပ်ငန်းလမ်းညွှန်အဖြစ် ရှုမြင်ရန်လိုအပ်သည်။

၃၀။ ယေဘုယျအားဖြင့် စီမံကိန်း၏ ရည်ရွယ်ချက်များ၊ ရလဒ်များ၊ ဦးစားပေးမှုများနှင့် အကောင်အထည်ဖော်မှုအခြေအနေတို့ကို သုံးသပ်နိုင်ရန် ၂၀၂၀ နှစ်လယ်တွင် ကာလလယ် သုံးသပ်ခြင်း (Mid- term Review) တစ်ရပ်ကိုဆောင်ရွက်မည်။ စီမံကိန်းကာလ၏ နောက်ဆုံးနှစ် ဖြစ်သော ၂၀၂၂ ခုနှစ် နောက်ဆုံး (၃) လကာလ (Last Quarter) တွင် စီမံကိန်းတစ်ခုလုံး အပေါ်သုံးသပ်အကဲဖြတ်ခြင်း (Final Evaluation) ဆောင်ရွက်မည်။